# *Karen Women Organization*

***E-mail: kwocentral@gmail.com Website: www.karenwomen.org***

ရက်စွဲ – ၂၀ရက်၊ ဇွန်လ၊ ၂၀၁၂

ကမ္ဘာ့ဒုက္ခသည်များနေ့

“ကျွန်ုပ်သည်ဒုက္ခသည်တစ်ဦးဖြစ်သော်လည်း ကျွန်ုပ်၏အသံကိုနားထောင်ပါ”

ကမ္ဘာ့ဒုက္ခသည်များနေ့ကို ကရင်အမျိုးသမီးအစည်းအရုံးမှ ကြိုဆိုလိုက်ပါသည်။ ကရင်အမျိုးသမီးအစည်းအရုံးမှ ကမ္ဘာ့ဒုက္ခသည်များနေ့တွင် “ကျွန်ုပ်သည် ဒုက္ခသည်တစ်ဦးဖြစ်သော်လည်း ကျွန်ုပ်၏အသံကိုနားထောင်ပါ” ဆောင်ပုဒ်ကိုချမှတ်လိုက်ပါသည်။ ဤဆောင်ပုဒ်သည် ကရင်အမျိုးသမီးအစည်းအရုံးမှ ယခုလတွင် ပြုလုပ်သော “ဒုက္ခသည်များကို ပြန်လည်နေရာချထားရေး” သင်တန်းမှ သင်တန်းသူများရွေးချယ်လိုက်ခြင်းဖြစ်ပါသည်။ နှစ်စဉ် ဇူလိုင်လ(၂၀)ရက်နေ့ရောက်တိုင်း ဒုက္ခသည်များ၏ဒုက္ခအခက်အခဲကို နိုင်ငံတကာမှ သတိရစေဖို့ကျင်းပခဲ့ပါသည်။ ဤသို့ကျင်းပရခြင်းသည် ဒုက္ခသည်များ သိက္ခာရှိရှိ တောက်ပသောဘဝအသက်တာမှာ ရှင်သန်နိုင်ရန် အားပေးခြင်းနှင့် လူသားခြင်းစာနာထောက်ထားသော ထောက်ပံ့မှုများကိုထိန်းသိမ်းကာ တိုးပွားလာစေဖို့ဖြစ်ပေသည်။ ၎င်းအပြင် ဒုက္ခသည်များကို လက်ခံသောနိုင်ငံများထဲမှ ထိုင်းနိုင်ငံကဲ့သို့သောတိုင်းပြည်ကိုလည်း ကျေးဇူးတင်ရမည့်နေ့တစ်နေ့ဖြစ်ပါသည်။ ဒုက္ခသည်အမျိုးသမီးများအနေဖြင့် ဤလိုနေ့မျိုးကို ဂုဏ်ပြုသင့်သောနေ့တစ်နေ့အဖြစ် သတ်မှတ်ရမည့်အကြောင်းမှာ ဒုက္ခသည်များအတွင်း ပြောင်းလဲမှုများဖြစ်ပေါ်စေရန် နှစ်ကာလရှည် စည်းရုံးလှုံ့ဆော်လာခဲ့ရသောကြောင့်ဖြစ်သည်။ ဆက်လက်၍ လိုအပ်ချက်များကို ဆောင်ရွက်သွားရန်လည်း သိရှိနားလည်နေပါသည်။ အထူးသဖြင့် ယခုသတိထားမိသော အကြောင်းအရာတစ်ခုမှာ “ဒုက္ခသည်များပြန်လည်နေရာချထားရေး”ဟူသော စကားလုံးသစ်ကိုအသုံးပြုလာခြင်းသည် ဦးသိန်းစိန်အစိုးရနှင့် နိုင်ငံတကာရှိ အချို့သောတိုင်းပြည်များက သဘောကျနှစ်သက်ခြင်းများရှိနေပါသည်။ သို့ဖြစ်၍ “ဒုက္ခသည်များအသံကိုလည်းနားထောင်ပါကြောင်း” သေချာစေချင်ပါသည်။

ဇွန်လ(၁၇)ရက်နေ့, (၂၀၁၂)ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်၏ နော်ဝေးခရီးစဉ်ဖြစ်မြောက်၍ (၁၉၉၁)ခုနှစ်တွင် သူမအားပေးအပ်ခဲ့သော ကြိုဆိုဂုဏ်ပြုဆုနှင့်ပတ်သက်၍ မိန့်ခွန်းပြောကြားခဲ့ပါသည်။ သူမ၏မိန့်ခွန်းရှင်းပြချက်တွင် “မကြာသေးခင်က ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်တွင်ရှိသော ဒုက္ခသည်များဆီသို့ အလည်ရောက်ရှိကြောင်း ငွေကြေးထောက်ပံ့မှုများကိုလျှော့ချသဖြင့် ရိုက်ခတ်မှုမှာ ရိက္ခာနှင့် လုပ်ငန်းတချို့ လျှော့ချခြင်းခံနေရသည်” ဟုဆိုခဲ့သည်။ ဆက်လက်၍ ဒေါ်အောင်ဆန်းစုကြည်က “ဒုက္ခသည်များအတွက် နေ့စဉ်ဆက်လက်၍ အလုပ်လုပ်သောဝန်ထမ်းများ မိမိတို့၏ဘဝတင်းကြပ်ခက်ခဲမှုမှ လွတ်မြောက်ဖို့ လုပ်ကိုင်နေသူများနှင့်လည်းတွေ့ခဲ့ကြောင်း” ပြောကြားခဲ့ပါသည်။ ဒုက္ခသည်များမှလည်း မိမိတို့၏ စိုးရိမ်ပူပန်မှုဖြစ်သည့် “မိမိတို့ကိုကူညီထောက်ပံ့သောအလှူရှင်များ မောပန်းလာခြင်း” ဆိုလိုသည်မှာ “၎င်းတို့၏မောပန်းခြင်းသည် ဆက်လက်ကူညီရန် ဆန္ဒမရှိတော့ခြင်း” ဖြစ်သည်ဟုဆိုကြပါသည်။ ကူညီထောက်ပံ့သူများမောပန်းလာခြင်းသည် ငွေကြေးထောက်ပံ့မှုများကို လျှော့ချလိုက်ခြင်းတွင် ထင်ရှားမြင်သာနေပါသည်။ “ကြင်နာမှုအတွက်မောပန်းခြင်း”သည် ထောက်ပံ့မှုလျှော့ချရာတွင် ထင်သာမြင်သာမှုမရှိနေပေ။ အခြားအဖြေတစ်ခုထွက်နေပါသည်။ ဒုက္ခတွင်းမှာရှိနေသူအပေါ် စာနာမှုများကို ရုပ်သိမ်းလိုက်ခြင်းသည် သင့်တော်ပါသလား? (ဒုက္ခသည်များကို ကူညီထောက်ပံ့

သော ကုန်ကျစရိတ်သည် ကြင်နာမှုထား၍ မကူညီမထောက်ပံ့ခြင်းကြောင့် တစ်ခြားသောသူများ ဒုက္ခရောက်ရခြင်းထက် ပို၍ကုန်ကျမှုရှိနေပါသလား?) နိုင်ငံတကာကူညီထောက်ပံ့သူအလှူရှင်များထံသို့ "အကူအညီလိုသူများနှင့် လွတ်မြောက်မှုကိုရှာနေသူများ၏ လိုအပ်ချက်ကိုဖြည့်ပေးဖို့ ကျွန်ုပ်တောင်းဆိုလိုက်ပါသည်။ အစဉ်အလာအရ ဒုက္ခသည်များ၏ အခက်အခဲမှာ မိမိတို့လိုအပ်သော လွတ်မြောက်မှုကိုရှာဖွေခြင်း" ဖြစ်သည်။

ကရင်အမျိုးသမီးအစည်းအရုံး အတွင်းရေးမှူး နန်းဒါးအယ်ကလယ်မှ, "လူတိုင်းမှာ အခွင့်အရေးရှိလျှင် မည်သူမှ ဒုက္ခသည်မဖြစ်ချင်ပါ။ ကျမကို ကျမ၏ရွာမှ အတင်းနှင်ထုတ်ခံရသော နေ့တစ်နေ့ကိုသတိရမိပါသည်။ ကျမ၏ရွာမှ ထွက်ခွာဖို့လည်း အစီအစဉ်မရှိပါ။ နအဖ စစ်သားများ ရွာထဲသို့ဝင်လာပြီး ရွာထဲတွင်ရမ်းပြီးပစ်ခတ်သောကြောင့် မိမိအသက်အန္တရာယ်မှ ကင်းဝေးရန်အတွက် ထွက်ပြေးတိမ်းရှောင်လာခဲ့ရခြင်းဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မှ မိမိတိုင်းပြည်ကို စွန့်ခွာကာ တစ်ခြားနိုင်ငံသို့ ဒုက္ခသည်သွားဖြစ်ဖို့ အစီအစဉ်မရှိခဲ့ပါ။ အခြေအနေပေးလာလို့ မိမိအိမ်သို့ပြန်ရမည့်တစ်နေ့တွင် လွတ်လပ်မှုကိုခံစားရပြီး ပြန်လည်နေရာချထားရေးအစီအစဉ်တိုင်းတွင် ပြည့်ပြည့်ဝဝပါဝင်လိုပါသည်။ ကျွန်ုပ်တို့ပါဝင်မှုမရှိပဲ ကျွန်ုပ်တို့၏အရေးကို မဆိုသင့်ပါ။" သို့သော် ယနေ့ကျွန်ုပ်ပြောလိုသည်မှာ "ဒုက္ခသည်မပါဝင်ပဲ ဒုက္ခသည်ကိစ္စကို မပြောဖို့ပဲ" ဖြစ်ပါသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့်ဆိုင်သောဖြစ်စဉ်များကို သတင်းဖြန့်ချီမှုများစွာ ရှိနေသော်လည်း တိုင်းရင်းသားလူမျိုးစုများအတွက် အခွင့်အရေးအနည်းငယ်သာရှိနေပါသည်။ ၎င်းအပြင် လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမိုများပြားလာခြင်း၊ ကျေးရွာလူထုများ၏ မြေယာများကို အတင်းအဓမ္မသိမ်းယူခြင်း၊ နအဖစစ်သားများတိုး၍ချထားခြင်း၊ အတင်းအဓမ္မခိုင်းစေမှုများ၊ သတ်ဖြတ်မှုများနှင့် တိုက်ပွဲများသည် တစ်ချို့သောဒေသတွင် ဆက်လက်ရှိနေသေးသည်။ ဤအကြောင်းအရာတို့သည် ဒုက္ခသည်များအိမ်ပြန်ရန်အတွက် လုံခြုံမှုမရှိပေ။ ဒုက္ခသည်များ ကိုယ်တိုင်ပါဝင်မှုမရှိသော ပြန်လည်နေရာချထားရေးအစီအစဉ်သည် ကြောက်ရွံ့စိုးရိမ်မှုနှင့် လုံခြုံမှုအပြည့်အဝမရှိသည့်အပြင် လွတ်လပ်မှုလည်း မဖြစ်စေပါ။ ယနေ့ကမ္ဘာ့ဒုက္ခသည်များနေ့တွင် အမျိုးသမီးအနေဖြင့်၎င်း၊ ဒုက္ခသည်အနေဖြင့်၎င်း၊ ကရင့်အမျိုးသမီးအစည်းအရုံးအနေဖြင့် "ဒုက္ခသည်များ၏ဘဝကို အဆုံးအဖြတ်ပေးနေသော ကုလားထိုင်ပေါ် ထိုင်နေသူများအားလုံး ဒုက္ခသည်များ၏အသံကို နားထောင်ရန်နှင့် ဒုက္ခသည်များကိုထည့်သွင်းရန် တောင်းဆိုလိုပါသည်။ စားပွဲဝိုင်းတိုင်းတွင် ဒုက္ခသည်ကိုယ်စားလှယ်များကိုလည်း မြင်တွေ့ချင်ပါသည်။ စားပွဲဝိုင်းတိုင်းတွင်လည်း အမျိုးသမီးဒုက္ခသည်များ ပါဝင်မှုကိုတွေ့လိုပါသည်။ အစီအစဉ်တိုင်းတွင် ကျွန်ုပ်တို့၏အသံကို နားမထောင်ပါက ဒုက္ခသည်များအိမ်ပြန်ခြင်းသည် မလွတ်မြောက်ပါ။

ဆက်သွယ်ရန်

နော်ဘလူးမင်းနိုက်ဇန် – +၆၆၈၈၅၄၅၅၇၄၆

နော်တာမလာစော – +၆၆၈၁၀၂၆၆၇၃၈